ဤကျမ်းကို မရှုစားမီ


အပိုင်း (၁)

၂၀၂၁ ခုနှစ် ဖြစ်ရပ်များ ၁-၈၂

အပိုင်း (၂)

၁။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ — ဒေါက်တာမြင့်သန်း (ညောင်လေးပင်) — ၈၅-၉၄
၂။ ကောင်းဆိုးနှစ်ဖြာ ဈူကလီးယားနည်းပညာ — ပါမောက္ခကိုကိုအောင် — ၉၅-၁၀၂
၃။ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ဦးသေဋ္ဌိလ — ဒေါက်တာစောမြအောင် — ၁၀၃-၁၀၆
၄။ တိုးတက်မှုမြန်ဆန်လာသော လျှပ်စစ်ယာဉ်နည်းပညာ — ပက်ထရစ်အောင်သန်း — ၁၀၇-၁၁၂
၅။ ၂၀၂၁ ခုနှစ် ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေးအခြေအနေများ — သုတေသီတစ်ဦး — ၁၁၃-၁၂၀
၆။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ နှစ် ၂၀ လွန်ခရီး — မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ — ၁၂၁-၁၂၆
၇။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၇၅ နှစ်မြောက် စိန်ရတု — ကိုဖိုးအေး (မြန်မာ့အသံ) — ၁၂၇-၁၃၆
၈။ လူသားတို့ကို ရောဂါကြီးငယ်ဖြစ်စေခဲ့ကြသည့် ဗိုင်းရပ်စ်များ — သိပ္ပံစာရေးဆရာ ကိုကိုအောင် — ၁၃၇-၁၄၂
၉။ ဦးနှောက်နှင့် ကိုယ်ပွားခန္ဓာဖြစ်စဉ်များ — ဒေါက်တာမြင့်သန်း (သန္တေသား) — ၁၄၃-၁၅၀

အပိုင်း (၃)

၂၀၂၁ ခုနှစ် အကြောင်းရပ်များ (အက္ခရာစဉ်) ၁၅၃-၂၈၄

အက္ခရာစဉ်အညွှန်း ၂၈၅-၂၈၉


# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၂) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၁) ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။

ဤကျမ်းသည် ၂၀၂၁ ခုနှစ်အတွင်း ထင်ရှားသည့် အဖြစ်အပျက်အချို့ကို ပြုစုပုံနှိပ် ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၃) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကို စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီး သုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၂၁ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို နိုင်ငံပိုင်သတင်းစာ သတင်းများနှင့် ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၊ ကောင်းဆိုးနှစ်ဖြာ ဈူကလီးယားနည်းပညာ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် ဦးသေဋ္ဌိလ၊ တိုးတက်မှုမြန်ဆန်လာသော လျှပ်စစ်ယာဉ်၊ ၂၀၂၁ ခုနှစ် ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေး အခြေအနေများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၇၅ နှစ်မြောက် စိန်ရတု စသည့် အကြောင်းအရာတို့ကို စုစည်းတင်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်သူ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသော အကြောင်းအရာများသည် ၂၀၂၁ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အကြောင်းအရာများ ဖြစ်ပါသည်။ ဤအကြောင်းအရာများကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှု နိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြရာတွင် နှစ်စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များနည်းတူ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနှင့်နိုင်ငံတကာတွင် ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းအရာများတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၂၀၂၁) နှင့် စာမျက်နှာ အမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခု ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၂၁ ခုနှစ်ပါ အကြောင်းအရာများနှင့် ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းအရာနှင့် ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။